# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၉/၂၀၂၁
# ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
# (၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

Myanmar Law Information System (MLIS)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင် စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ကယားပြည်နယ်စည်ပင်သာယာရေးဥပဒေ၏ ပုဒ်မ ၅ ပါ "ဝန်ကြီးအား ဥက္ကဋ္ဌ အဖြစ်လည်းကောင်း" ဟူသည့် စကားရပ်အစား "ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ပေးအပ်သည့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်အား ဥက္ကဋ္ဌ အဖြစ်လည်းကောင်း"ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဂ)၏ နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ မြို့နယ်စည်ပင်အမှုဆောင်အရာရှိသည် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် (၄) ဦး၏ လျာထားအမည်စာရင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(င) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်စည်ပင်အမှုဆောင်အရာရှိမှ တင်ပြလာသည့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် (၄) ဦး၏ လျာထားအမည်စာရင်းကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၃) ဦးအား ယာယီတာဝန် ပေးအပ်နိုင်သည်။"

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

Myanmar Law Information System (MLIS)